# တာတမံဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။)

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တာတမံဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တာတမံ** ဆိုသည်မှာ ရေကိုတားဆီးရန်၊ ထိန်းညှိရန် သို့မဟုတ် ထိန်းသိမ်းရန် တည်ဆောက်ထားသည့် မြေသားနံရံ၊ ရေလှောင်တမံ၊ ရေချိုရေငန်တား တာတမံ၊ တာပေါင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် တာတမံကို အထောက်အကူပြုသည့် ရေထုတ်ပြွန်၊ ဆိပ်ခံတံတား၊ ကတုတ်တန်း၊ ရေတံခါး၊ အဆောက်အအုံ၊ ရေမှတ်တိုင်၊ မြေအနိမ့်အမြင့်အမှတ်အသားလည်းပါဝင်သည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဦးစီးဌာန** ဆိုသည်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကိုဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဦးစီးဌာန တာဝန်ခံကိုဆိုသည်။

(င) **ခရိုင်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရှိ ခရိုင်ဦးစီးဌာန တာဝန်ခံကိုဆိုသည်။

(စ) **မြို့နယ်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်ရှိ ဦးစီးဌာန တာဝန်ခံကို ဆိုသည်။

(ဆ) **တိရစ္ဆာန်** ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ လား၊ ဝက်၊ သိုးနှင့် ဆိတ်တို့ကို ဆိုသည်။

(ဇ) **အရေးပေါ်လုပ်ငန်း** ဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် တာတမံကျိုးပေါက်ပျက်စီးမှုဖြစ်ပေါ်စေနိုင်သည့်အခါဖြစ်စေ၊ တာတမံကျိုးပေါက် ပျက်စီးသည့်အခါဖြစ်စေ အချိန်မီပြင်ဆင်ရသော လုပ်ငန်းကို ဆိုသည်။

(ဈ) **ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း** ဆိုသည်မှာ တာတမံ၏ ကြံ့ခိုင်မှုစွမ်းအား ပြည့်မီစေရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရသောလုပ်ငန်းကို ဆိုသည်။

(ည) **ပန်းတာ** ဆိုသည်မှာ ပင်လယ်ရေငန်တား တာ သို့မဟုတ် ရေဘေးကာကွယ်ရေး တာများသည် ရေကြီး၊ ရေလျှံ၊ ရေတိုက်စားမှုများကြောင့် တာကျိုးပေါက်မည့် စိုးရိမ်ရသော အခြေအနေရှိပါက လက်ရှိတာတမံ၏ နောက်ဘက်တွင် အသစ်တည်ဆောက်သည့် တာတမံကို ဆိုသည်။

(ဋ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ် လျှော့ချနိုင်ရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တာတမံများတည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) တည်ဆောက်ပြီး တာတမံများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊

(ဂ) တည်ဆောက်ပြီးတာတမံများ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဘေးအန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှု နည်းပါးစေရေးအတွက် အရေးပေါ်ကာကွယ်မှုလုပ်ငန်းများကို ပြည်သူများက ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(ဃ) တာတမံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်။

## အခန်း(၃)

## တာတမံ တည်ဆောက်ခြင်း

၄။ ဝန်ကြီးဌာနသည် ရေဘေးကာကွယ်ရေးတာတမံနှင့် ရေငန်တားတာတမံများ အသစ်တည်ဆောက်ရာတွင်ဖြစ်စေ၊ လက်ရှိတာတမံသည် စိုးရိမ်ရသော အခြေအနေရှိ၍ ပန်းတာ တည်ဆောက်ရာတွင် ဖြစ်စေ နိုင်ငံတော်အစိုးရက မြေအသုံးပြုရန် လိုအပ်သည့်အခါ သက်ဆိုင်ရာဒေသရှိ ပြည်သူများကြိုတင် သိရှိနိုင်ရန် လုံလောက်သော အချိန်ပေး၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာတမံအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနအရာရှိသည် ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ညှိနှိုင်းပြီး တာတမံနယ်နိမိတ်သတ်မှတ်ခြင်းနှင့် လိုအပ်သည့် ကြိုတင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၄ ပါ တာတမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းတည်ဆောက်ရေးလုပ်ငန်းများနှင့် ဆက်စပ်မြေယာများ၊ အဆောက်အဦများ၊ သီးနှံများ ဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိရန် လုံလောက်သော အချိန်ပေး၍ ကြေညာရမည်။

၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည်-

(၁) လျော်ကြေးတောင်းဆိုမှုများရှိပါက သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးရမည်။

(၂) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ လျော်ကြေးပေးရန် တာဝန်ရှိကြောင်း တွေ့ရှိလျှင် လျော်ကြေးငွေကို ဥပဒေနှင့်အညီ သတ်မှတ်ရမည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေ သတ်မှတ်ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် အမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အယူခံဝင်ရောက်နိုင်သည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ယင်းလျော်ကြေးငွေသတ်မှတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) လျော်ကြေးငွေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

(ဃ) လျော်ကြေးငွေပေးချေခြင်းကို ဦးစီးဌာန၏ ငွေစာရင်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

၈။ လျော်ကြေးပေးသည့်ကိစ္စရပ်များ ပြီးပြတ်သည့်အခါ ခရိုင်တာတမံအရာရှိသည် တာတမံလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၉။ ပန်းတာတည်ဆောက်ရန် မြေနေရာလိုအပ်ခြင်း၊ စွန့်ပစ်မြေများ စုပုံခြင်းကြောင့် မြေနေရာများ ဆုံးရှုံးခြင်းအတွက် လျော်ကြေးတောင်းခံလာမှုများကို ခရိုင်တာတမံအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးရမည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၉ ပါလျော်ကြေးငွေတောင်းဆိုမှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၇ နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၄)

## တာတမံအရာရှိများ၏လုပ်ငန်းတာဝန်များ

### တာတမံပြုပြင်ထိန်းသိမ်းခြင်း

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တာတမံအရာရှိ၊ ခရိုင်တာတမံအရာရှိနှင့် မြို့နယ်တာတမံအရာရှိတို့သည် တည်ဆောက်ပြီးတာတမံများ ပြုပြင်ထိန်းသိမ်းရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြစ်ကမ်းတိုက်စားမှုအခြေအနေကို နှစ်စဉ်နိုဝင်ဘာလတွင် တိုင်းထွာစစ်ဆေးခြင်း၊

( ခ ) ထူးပေါက်နှင့် တွင်းများကို ပြန်လည်တူးဖော်ဖယ်ရှားခြင်း၊ မြေသားအသစ်ထည့်ခြင်း လုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်ခြင်း၊

( ဂ ) နှစ်စဉ်ဒီဇင်ဘာလတွင် ရေမှတ်တိုင်များကြံ့ခိုင်မှု ရှိ မရှိ စစ်ဆေးခြင်း၊ ပြုပြင်ခြင်းနှင့် အသစ်စိုက်ထူခြင်း၊

(ဃ) မိုးရာသီအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေမှတ်များအရ သတ်မှတ်သည့် တာတမံ၏ ရေလွတ်တာပေါင် ရှိ မရှိ စစ်ဆေးခြင်း၊ တာမြှင့်ခြင်း လုပ်ငန်းများကို အစီအစဉ် ရေးဆွဲ ဆောင်ရွက်ခြင်း၊

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752561